ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ဘာယေကျေးရွာ

ရခိုင်ပြည်နယ်၊သံတွဲခရိုင်၊တောင်ကုတ်မြို့



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)စာအုပ်

(၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့

ကမ်းဒေးကျေးရွာအုပ်စု ၊ဘာယေကျေးရွာ၊ တောင်ကုတ်မြို့နယ်

(သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ

စကားချီး

ဘာယေကျးရွာသယံဇာတပြဓေပုံ၊ တောင်ကုတ်မြို့နယ်

အပိုင်း(က) ကျးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) နိဒါန်း- ကျးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာနှင့် ပထဝီအနေအထား

(ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ကျးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(ဇ) ကျား/မ ရေးရာ

(၄) ကျးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၅) ကျးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(၆) ကျးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

(၇) ဦးစားပေးစီမံချက်များနှင့်ငှ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

(၉) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၀) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ
နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား
နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့စာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်းကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


မေလ ၊ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ

ဘာယေကျေးရွာ

တောင်ကုတ်မြို့နယ်

ဘာယေကျေးရွာသယံဇာတပြမြေပုံ



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီ ဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုး ရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုး ဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေး ထားမိလာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များ စသည်တို့ထံမှ လိုအပ် သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့ အပိုင်းဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက် လိုသည့် ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ ၊စီမံ ချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့်ငွေကြေးရရှိနိုင်မည့်လမ်း ကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများ ကိုသိရှိ စေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ ကိုစုစည်း ဆောင်ရွက် ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်း များအားပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိငွေကြေး ဆိုင်ရာလိုအပ် ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့ ၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေ ဖြင့်ယုံကြည်ရလောက် သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်း များ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်း များအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ ကိုအခြေခံကာဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများ ကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်း များကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီး များပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင် ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာနှင့် ပထဝီအနေအထား

ဘာယေကျေးရွာသည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့၏ တောင်ဘက် ရန်ကုန်-စစ်တွေ ကားလမ်းမကြီးဘေးတွင် တည်ရှိသည် ။ ကျေးရွာတည်ရှိပုံမှာ တောင်နှင့်မြောက် စတုရန်းပုံစံ သွယ်တန်းလျက်ရှိပါသည် ။ အရှေ့ဘက်တွင် တောင်တန်းများရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် မုတ်ကျေးရွာ၊ တောင်ဘက်တွင် ချောင်းသုံးခွကျေးရွာနှင့် ကမ်းဒေးကျေးရွာတို့ တည်ရှိပါသည် ။တောင်ကုတ်မြို့နှင့် (၁၀)မိုင်ခန့် ကွာဝေးပြီး သံတွဲမြို့နှင့် (၃၃)မိုင် ကွာဝေးပါသည် ။

(ခ) **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

တောင်ကုတ်မြို့နယ်သည် ယေဘုယျအားဖြင့် မိုးများသော ဒေသဖြစ်ပြီး အနောက်တောင် မုတ်သုန်လေဝင်ရောက်သည့် မေလမှ အောက်တိုဘာလများတွင် ပူအိုက်စိုစွတ်သော အနောက်မြောက် မုတ်သုံလေဝင်ရောက်သည့် ဒီဇင်ဘာလမှ မတ်လအထိ အေးမြခြောက်သွေ့သော ရာသီဥတုရှိ ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ(၂၀၀)လက်မခန့် ရှိသည့်အတွက် မိုးစပါးစိုက်ပျိုးရေးကို အထောက်အကူဖြစ်ပါသည်။အခြားဝင်ငွေရ လုပ်ငန်းဖြစ်သော တပိုင်တနိုင်ရေလုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည် ။မိုးစပါးစိုက်ပျိုးသော လယ် (၂၀၃)ဧကနှင့် နှစ်ရှည်သီးနှံအဖြစ် သီဟို၊ သရက်နှင့် ရာဘာနှင့် နာနက် ၊ ငရုတ်ကောင်း ၊ ငှက်ပျောစိုက်ပျိုးနိုင်သော ဥယျာဉ်မြေ (၁၇၃)ဧကော ရှိပါသည် ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားရကျေနပ်ဖွယ် ကောင်းအောင်ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။။။ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့၊ ဂေါပကအဖွဲ့၊ အပျိုလူပျိုအဖွဲ့ နှင့် အုပ်ချုပ်ရေးအဖွဲ့တို့ဖြစ်သည်။ ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အပျိုလူပျိုအဖွဲ့တို့သည် အများနှင့် သက်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ပညာရေးနှင့် ပတ်သက်သော ကိစ္စရပ်များတွင် အုပ်ချုပ်ရေးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ အားတက်သရော ပါဝင်ဆောင်ရွက်ကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် သာရေးနာရေး၊ လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသူ များစည်းလုံးညီညွတ် စွာဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်း

များရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့ များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့ အချို့ရှိသော်လည်း သက်ဆိုင်ရာ စီမံချက်လုပ်ငန်း အကောင်အထည် ဖော်ရုံသဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ကျေးရွာအတွင်း စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများသြဇာသက် ရောက်မှုကြောင့် အဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရရှိထားကြသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ။ အခြားအဓိက ဝင်ငွေရလုပ်ငန်းဖြစ်သော ရေလုပ်ငန်းကို ဒုတိယအနေဖြင့် လုပ်ကိုင်ကြသည် ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါးဖြစ်ပြီး မိုးရာသီတွင် သဘာဝအလျောက်ပေါက်ေရာက်နေသော ဝါးတောမှ ဝါးခုတ်ခြင်း ၊ နာနတ်၊ ငှက်ပျော နှင့် ဆောင်းသီးနှံအဖြစ် ငရုတ်၊ ခရမ်းများ စိုက်ပျိုးကြပါသည် ။ နှစ်စဉ် မိုးစပါးတင်းရေ (၉၁၃၅)တင်းခန့် ထွက်ရှိပါသည် ။ အခြားလုပ်ငန်းလုပ်ငန်းသော တပိုင်တနိုင်ရေလုပ်ငန်း လုပ်ကိုင်သူလည်း ရှိပါသည် ။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် ဈေးရောင်းလုပ်ငန်း၊ မုန့်ရောင်းလုပ်ငန်း ၊ တစ်နေ့လုပ်တနေ့စား ကျဘမ်း အလုပ်သမား များဖြစ်ကြသည်။ လုပ်ငန်းရှင်များနည်းပါး၍ ဝင်ငွေနည်းပါးကြသည်။

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် ကျေးရွာမှ ပြုလုပ်ထားသော စိမ့်စမ်းရေမှ အသုံးပြုကြပါသည် ။ မိုးရာသီတွင် ထိုစိမ့်စမ်းရေမှ သွယ်ယူထားသော ပိုက်များသည် ချောင်းရေများဖြင့် မျောပါသွားသောကြောင့် မိုးရာသီတွင် စိမ့်စမ်းရေရရှိရန် အခက်အခဲဖြစ်ရသည် ။ ကျေးရွာတွင် မူလတန်း ကျောင်းရှိပါသည်။ ကျောင်းနေအရွယ်ကလေးငယ်အများစုမှာ ကျောင်း ပညာရေး ဝန်ဆောင်မှုများကို လက်လှမ်းမှီကြပါသည်။ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသည့် ချောင်းသုံးခွကျေးရွာ ဆေးခန်းကို အားကိုးရပါသည် ။ ကျေးရွာ မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းကို အသုံးပြုကြပါသည် ။ငွေကြေးမတတ်နိုင်သူ အချို့သည် ဖယောင်းတိုင်များကို ဝယ်ယူသုံးစွဲကြပါသည် ။ အချို့သည် ဆိုလာဖြင့် အသုံးပြုကြသည် ။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ အခြားအသေးစားချေးငွေဝန်ဆောင်မှု များအနေဖြင့် ပက်မြန်မာအဖွဲ့အစည်းမှ အသေးစားချေးငွေလုပ်ငန်းကို အစုအဖွဲ့ စနစ်ဖြင့် ဆောင်ရွက်ပေးပါသည်။ အစုတစ်ဖွဲ့လျှင် လူဦးရေ(၅)ဦးဖြင့် အဖွဲ့(၁၁)ရှိပြီး အနည်းဆုံးချေးငွေမှာ ကျပ်(၁၀၀၀၀၀/-)ကျပ်မှ အများဆုံး ကျပ်(၉၀၀၀၀၀/-)ထိ ထုတ်ချေးပေးပါသည်။ အတိုးနှုန်းမှာ (၁.၅)ကျပ်ဖြင့် တစ်လလျှင်

နှစ်ကြိမ်နှုန်းဖြင့်(၂၅) လအတွင်း အတိုးအရင်းအကြေဆပ်ရသော စနစ်ဖြစ်ပါသည်။ ထိုသို့ ချေးငွေရရှိသောအားဖြင့် ကျေးရွာတွင်းရှိ အလုပ်လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း တွေ့ရှိရပါသည်။

(ဂ) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်အဆင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ဘွဲ့ရသူများမှာ အစိုးရဝန်ထမ်း လုပ်ကိုင်နေသူများ ရှိပါသည် ။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပြီး စုစုပေါင်း ကျောင်းသား ဦးရေ (၄၈) ခန့်ရှိပါသည် ။တက္ကသိုလ်တက်ရောက်နေဆဲ ကျောင်းသားများလည်း ရှိပါသည် ။ အလယ်တန်းနှင့် အထက်တန်းအဆင့်ရှိသော ကျောင်းသူ/သားများမှာ ကျေးရွာမှ တောင်ဘက်(၃)မိုင်ခန့် ကွာဝေးသော ကမ်းဒေးကျေးရွာသို့ သွားရောက်ပညာသင်ကြရပါသသည် ။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်း များ လက်လှမ်းမမှီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျ ဆဲဖြစ်ပြီး ၎င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ မရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုန်ကွေးဖြစ်တတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီ နှင့် ဆောင်းရာသီတွင် တုတ်ကွေးရောဂါကူးစက်ခံ ကျေးရွာ အိမ်ထောင်စုဝင်များ၊ ကလေး သူငယ်များအပါအဝင် ယေဘုယျ အားဖြင့် အဟာရဓါတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်း ကျေးလက် ကျန်းမာရေးဌာနမရှိ၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်၊ သက်ကြီးရွယ် အိုများ အတွက် သွားရေးလာရေး အခက်အခဲရှိပါသည် ။ ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံ့ တိုက်ကျွေးသော အစီအစဉ်များကို ကျေးရွာနှင့် (၃)မိုင်ခန့် ကွာဝေးသော ချောင်းသုံးခွကျေးရွာ ကျေးလက်ကျန်းမာရေးဌာနများ၏ ကျန်းမာရေးဝန်ထမ်းများ မှ ရယူကြရပါသည် ။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ငရုတ်နှင့် အခြားသီးနှံများစိုက်ပျိုးခြင်း ၊သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်ထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာ ပျက်ယွင်းမှု မရှိကြောင်း တွေ့ရသည်။ သို့သော်ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီ မိုးဆက်တိုက်ရွာသွန်းလျှင် ရေကြီးပြီး မိုးသီးနှံများနှင့်အတူ စပါးခင်းများ ရေနစ်ပျက်စီး၍ နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုး ရခြင်းများ ကြုံတွေ့ကြရသည်။ ထို့အပြင်ကျေးရွာသူ/သားများ၏ မီးသွေးလုပ်ငန်း ၊ သစ်လုပ်ငန်းများနှင့် အခြားထင်းသုံးစွဲမှု များပြားလာသည့်အတွက် သစ်တော များပြုန်းတီးမှုမှာလည်း ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ထိခိုက်လွယ်မှုကို ဖြစ်ပေါ်စေသော

အကြောင်းအရင်း တစ်ခုဖြစ်ပါသည်။ကမ်းရိုးတမ်းဒေသဖြစ်သဖြင့် မိုးဦးမိုးနှောင်းကာလတွင် မုန်တိုင်းအန္တရာယ်ကြုံရတတ်ပါသည် ။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်၊ရှောင်ရန် အသိပညာပေးမှုမျိုး မရှိပါ။

(၉) ကျား/မရေးရာ

အမျိုးသမီးအများစုမှာ အမျိုးသမီးရေးရာအဖွဲ့ဖွဲ့စည်းထားရှိပြီး ကျေးရွာအုပ်ချုပ်ရေး နှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပါဝင်မှု ရှိကြောင်း တွေ့ရှိရပါသည် ။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စများကိုသာ ဆောင်ရွက် ရခြင်းကြောင့် ပြင်ပဝင်ငွေလုပ်ငန်း များတွင်သာ အမျိုးသားများကဲ့သို့ ဆောင်ရွက် နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသားနှင့် အမျိုးသမီး၏ လုပ်အားခ နှုန်းထားမှာလည်း အနည်းငယ်ကွာဟ မှုရှိပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ပတ်သက်၍ တိုင်ကြားမှုရှိမကြောင်းတွေ့ ရှိရပါသည်။ အမျိုးသမီး ရေးရာနှင့် ပတ်သက်၍ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမမျှတမှု အသိပညာမရှိကြောင်း သိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၄	၅	၁	၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၈	၁၄	၃၂		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၅	၂၃	၄၈		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၁၅	၃၄		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၉	၁၁၇	၂၂၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂	၈	၂၀		
စုစုပေါင်း		၁၈၄	၁၈၁	၃၆၅		
စုစုပေါင်း အိမ်ထောင်စု		၈၆				

လေ့လာတွေ့ရှိချက်။။။ ကျေးရွာရှိ လူဦးရေ၏ (၅)ရာခိုင်နှုန်းခန့်သည် သက်ကြီးရွယ်အိုများဖြစ်ပြီး (၆၀)ရာခိုင်နှုန်းခန့်သည် အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်ပါသည် ။ (၂၂)ရာခိုင်နှုန်းခန့်သည် ကျောင်းနေအရွယ် ကလေးသူငယ်များဖြစ်ပြီးနို့စို့အရွယ်ကလေးငယ်မှာ အနည်းငယ်သာရှိပါသည် ။ယခင်ကထက် လူဦးရေတိုးပွားမှုနှုန်းလျော့ကျလာသည်ဟု ဆိုရပါမည် ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၂၇	၄၈	၂	၃၀	၁၈		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၂	၁၅	၅	၅၀	၂၅		မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း	၁၄	၂၃	၃	၁၅	၈		မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၂	၄		၄			မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		၁			မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		၁	၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၉	၈၀	၂	၃၅	၄၅		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၁၁၆	၂၃၃	၁၂	၁၃၆	၉၇		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။။။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဒုတိယဦးစားပေး လုပ်ငန်းမှာ ရေလုပ်ငန်းလုပ်ကိုင်ကြောင်း ၊ အခြားအနေဖြင့် ၊ ယာဉ်စက်ကိရိယာပြင်ဆင်သူ၊ လက်လီလက်ကားနှင့် ကျပန်းလုပ်ကိုင်သူ အနည်းငယ်ရှိကြောင်း တွေ့ရသည် ။ ကျေးရွာ၏စီးပွားရေးအဆင့်မှာ အလယ်အလတ်ရှိပြီး အလုပ်အကိုင်အခွင့်အလန်း နည်းပါသည် ။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၁၀၀၀၀	၆၀၀၀	၅၀၀၀	၃၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် လုပ်ငန်းအလိုက် ကျားမနေ့စား အခကြေးငွေရှင်းပေးသည့် စနစ်ဖြစ်ပြီး၊ ကျားမ လုပ်ငန်းခနှုန်းထား အနည်းငယ်ကွာကြောင်း တွေ့ရသည် ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၇၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၆၇	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ	၂	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၄၄	☒		

လေ့လာတွေ့ရှိချက်။။ကျေးရွာ၏ လယ်မြေဧကများသော်လည်း လယ်ယာမြေအရည်အသွေးအသင့်အတင့်ရှိသည် ။ မြေလွတ်မြေလပ်မရှိ၍ အခြားစိုက်ပျိုးလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါသည် ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
တူးတွင်း)			
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☑ မရှိ	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် သဲ၊ ကျောက် များစွာထွက်ရှိပြီး နွားစာအတွက် စားကျက်မြေ အနည်းငယ်ရှိသည်။ ဒီရေတောအနည်းငယ်ရှိပြီး သဘာဝသစ်တော တိရစ္ဆာန်မျိုးစိတ်များ ရှားပါး ကြောင်း တွေ့ရသည် ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်☑	နည်း☑	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း☑	ညံ့☑	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်☑	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း☑	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၆	၁၆	၁၀	၄၄

လေ့လာတွေ့ရှိချက်။။။ ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေအရ အခြေခံလူတန်းစားအဆင့်မျှသာ ရှိသည်။ မြေယာပိုင်ဆိုင်မှုနည်းပါးခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ပိုင်ဆိုင်မှု မရှိခြင်းနှင့် အဓိကစီးပွားရေးလုပ်ငန်းမှ ဝင်ငွေနည်းပါးကြောင်း တွေ့ရှိရပါသည် ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

လေ့လာတွေ့ရှိချက်။။။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁၂	၉	၂၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၁	၁	
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ အနည်းငယ်ရှိကြောင်းတွေ့ရှိရပါသည် ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု			✓			
၂	လျှပ်တပြတ်ရေကြီးခြင်း	✓					
၃	မုန်တိုင်းဒီရေ			✓			
၄	ဆူနာမီ			✓			
၅	တိုင်ဖုန်းမုန်တိုင်း	✓					
၆	လေဆင်နာမောင်း	✓					
၇	ငလျင်	✓					
၈	အပူလှိုင်း		✓				
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု		✓				
၁၀	အအေးလှိုင်း	✓					
၁၁	မိုးသီးကြွေကျမှု	✓					
၁၂	မိုးခေါင်ခြင်း			✓			
၁၃	တောမီးလောင်ခြင်း	✓					
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					
၁၅	ကမ်းရိုးတန်းတိုက်စားမှု		✓				
၁၆	မြေပြိုခြင်း	✓					
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓				
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)			✓			
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း			✓			
၂၀	သစ်တောပြုန်းတီးခြင်း	✓					
၂၁	ငှက်ဖျားရောဂါ	✓					
၂၂	တီဘီရောဂါ	✓					
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					
၂၄	ကပ်ရောဂါ	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၅	ပြည်တွင်းပဋိပက္ခ	✓					
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓					
၂၇	လူကုန်ကူးခြင်း	✓					
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓					

လေ့လာတွေ့ရှိချက်။။။ <u>ကျေးရွာတွင်</u> ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည် ။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓				
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု			✓			
၃	ဆင်းရဲသားတောင်သူ		✓				
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓					
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ			✓			
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ		✓				
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓					
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		✓				
၉	ငါးကန်ပိုင်ရှင်များ	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓			
၁၁	လူနည်းစုလူမျိုးများ	✓					
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓					
၁၄	ရွှေတွင်းလုပ်သားများ	✓					
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		✓				
၁၆	နေရပ်ပြန်အခြေချသူများ	✓					
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓					

လေ့လာတွေ့ရှိချက်။။။ <u>ကျေးရွာအတွင်း</u> ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ_အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည် ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာ<u>တစ်ခု</u><u>ကိုသာ</u>ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာ<u>တစ်ခုကို</u><u>သာ</u>ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☑၂☐၃☐	၈		၈	ပညာရေး☐ဌေကြေး☑ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၂	ဂေါပက	၁☑၂☐၃☐	၁၅		၁၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃	ကျောင်းသားမိဘ	၁☑၂☐၃☐	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၄	အပျိုလူပျို	၁☑၂☐၃☐	၁၄	၁၆	၃၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၅	ရပ်မိရပ်ဖ	၁☐၂☑၃☐	၈	၇	၁၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ဖိရပ်ဖအဖွဲ့နှင့် လူပျိုအပျိုအဖွဲ့၊ ကျောင်းသားမိဘအဖွဲ့နှင့် ဂေါပကအဖွဲတို့သည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	လူမှုကူညီရေးအဖွဲ့	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ပက်မြန်မာနှင့် လူမှုကူညီရေးအဖွဲ့တို့မှ ငွေကြေးဝန်ဆောင်မှုများ ရယူကြောင်း လေ့လာ တွေ့ရှိရပါ သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၄	၄	မြေမဲ့ယာမဲ့
၂	၂.၅ကအောက်	၁၀		ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ၅ကကြား	၁၆		တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား	၁၀		တောင်သူလတ်
၅	၁၂.၅ကအထက်	၆		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၈၆	၄	☒

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် အိမ်ထောင်စုအများစုသည် မြေယာပိုင်ဆိုင်မှု ရှိကြပါသည် ။မြေယာမဲ့ အနည်းငယ်သာ ရှိပြီး မြေယာပိုင်ဆိုင်သူများမှာလည်း ပိုင်ဆိုင်မှု အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည် ။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☑မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑

စဉ်	အရင်းအမြစ်	ရေသောက်(ကေ)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☑		
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ☑	လျော့□တိုး□ အပြောင်းအလဲမရှိ☑

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ရေသွင်းစိုက်ပျိုးသည့် မြေမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၂၀၃	တင်း	၅၅	၄၀	၄၈	ဧပြီ	ဒီဇင်ဘာ	မြင့်□လတ်□ ☑ နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်□လတ်☑ နိမ့်□
ငရုတ်	၂	တင်း	၁၀	၇	၈	ဒီဇင်ဘာ	နိုဝင်ဘာ	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်□လတ်☑ နိမ့်□
သီဟို	၃၀	ပိဿာ	၄၀၀	၅၀၀	၄၅၀	ဇွန်	ဩဂုတ်	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်□လတ်☑ နိမ့်□

လေ့လာတွေ့ရှိချက်။။။ ကျေးရွာ၏ မြေဆီလွှာအရည်အသွေးသည် အသင့်အတင့်သာ ရှိပြီး သွင်းအားစုများကို လုံလောက်စွာ မသုံးစွဲနိုင်၍ သီးနှံထွက်ရှိမှုသည် အလယ်အလတ်သာရှိပြီး အမြတ်ရရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည် ။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			၅
လက်တွန်းထွန်စက်	၅			၂၀
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			၂၅
ရေစုပ်စက်	၃			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၅			

လေ့လာတွေ့ရှိချက်။။။ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိသောကြောင့် လုပ်ငန်းတွင်ကျယ်မှု

နေးကွေးကြောင်း တွေ့ရှိရပါသည် ။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ☑မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
